# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အဆောက်အအုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## အဆောက်အအုံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

## နှင့်

## မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ၏

## လုပ်ငန်းတာဝန်နှင့်စည်းကမ်းများ

## ၁။ အဆောက်အအုံဆောက်လုပ်ရာတွင် လက်ရှိ ဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများ

### (က) မြို့ပြစည်းရိုးကာရံခွင့် လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများ

(၁) သတ်မှတ်လျှောက်လွှာ
- (က) မြို့ပြစည်းရိုးကာရံခွင့် လျှောက်လွှာပုံစံ
- (ခ) မြို့ပြစည်းရိုးကာရံခြင်းအား ကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်
- (ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့် မြေပိုင်ဆိုင်မှုပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်
- (ဃ) အိမ်ရှင်/အိမ်ငှားပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်
- (င) မြေရှင်၏ GP / SP မှ တင်ပြမည်ဆိုပါက မြေရှင် သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှတင်ပြရန်
- (စ) မြို့ပြစည်းရိုးကာရံခြင်းနှင့်ပတ်သက်၍ ဆက်စပ်မြေကွက်ပိုင်ရှင်များ၏ ကန့်ကွက်ရန်မရှိကြောင်းတင်ပြရန်
- (ဆ) မိမိပိုင်နယ်နိမိတ်၌သာ ကာရံမည်ဖြစ်ကြောင်း မြေရှင်၏ခံဝန်ကတိတင်ပြရန်

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြား မိတ္တူ

(၄) ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ(၁)နှစ်အတွင်းထုတ်ပေးထားသောနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (D/Map)မိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၅) လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသောအဆိုပြု ပုံစံ(၃)စုံ(A3 Size)

### (ခ) အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ (၃ထပ်နှင့်အောက်)

(၁) သတ်မှတ်လျှောက်လွှာ
- (က) ဆောက်လုပ်ခွင့်လျှောက်လွှာပုံစံ
- (ခ) အဆောက်အအုံ ကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်
- (ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့် မြေပိုင်ဆိုင်မှုပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်
- (ဃ) အိမ်ရှင်/အိမ်ငှားပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်

(င)	ဘေးကပ်လျက်မြေကွက်ပိုင်ရှင်များ၏သဘောထားတင်ပြရန်(ဘေး၃'နှင့်အထက် မြေချန်ထားပါက တင်ပြရန်မလိုပါ)

(စ)	စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဘေး ပတ်ဝန်းကျင်ရှိမြေကွက်ပိုင်ရှင်များ[ဘေးဝဲဘက်(၂)ဦး၊ ယာဘက်(၂)ဦး၊ ရှေ့ ဘက်(၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း(၁၀)ဦး]မှကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တင်ပြရန်

(ဆ)	အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တာဝန်ယူကြောင်းခံဝန်ကတိတင်ပြရန်

(ဇ)	အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ

(ဈ)	အဆောက်အအုံဟောင်းဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက် အအုံပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်

(ည)	မြေရှင်၏ GP / SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှတင်ပြရန်

(ဋ)	ကန်ထရိုက်တိုက်ပုံစံဖြစ်ပါကမြေရှင်၊လိုင်စင်ရကန်ထရိုက်တာ(LC)နှင့်မှတ်ပုံတင် လက်မှတ်ရအင်ဂျင်နီယာတို့မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းခံဝန်ကတိတင်ပြရန်

(၂)	လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃)	လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ

(၄)	ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ(၁)နှစ်အတွင်းထုတ်ပေးထားသောနယ်နိမိတ်တိုင်းတာ သတ်မှတ်သည့်မြေပုံ (D/Map)မိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၅)	မိသားစုလုံးချင်းနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံပုံစံဖြစ်ပါက လျှောက်ထား သူနှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size)

(၆)	ကန်ထရိုက်တိုက်ပုံစံဖြစ်ပါက မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC) နှင့် မှတ်ပုံတင် လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြု ပုံစံ(၃)စုံ (A3 Size)

(၇)	ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံ များ၏ဓာတ်ပုံ

(၈)	ကန်ထရိုက်တိုက်ပုံစံနှင့်စီးပွားရေးသုံးအဆောက်အအုံများဖြစ်ပါက မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ

(ဂ) **မြေပိုင်ဆိုင်မှုအရပ်စာချုပ်ဖြင့် အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများ (၃ထပ်နှင့်အောက်)**

(၁) သတ်မှတ်လျှောက်လွှာ

(က) ဆောက်လုပ်ခွင့်လျှောက်လွှာပုံစံ

(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်

(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့် မြေပိုင်ဆိုင်မှုပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်

(ဃ) အိမ်ရှင်/အိမ်ငှားပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်

(င) ဘေးကပ်လျက်မြေကွက်ပိုင်ရှင်များ၏သဘောထားတင်ပြရန်(ဘေး၃'နှင့်အထက် မြေချန်ထားပါက တင်ပြရန်မလိုပါ)

(စ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တာဝန်ယူကြောင်းခံဝန်ကတိတင်ပြရန်

(ဆ) အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ

(ဇ) အဆောက်အအုံဟောင်းဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်

(ဈ) ကန်ထရိုက်တိုက်ပုံစံဖြစ်ပါကမြေရှင်၊လိုင်စင်ရကန်ထရိုက်တာ(LC)နှင့်မှတ်ပုံတင် လက်မှတ်ရအင်ဂျင်နီယာတို့မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းခံဝန်ကတိတင်ပြရန်

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ(မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၅) မိသားစုလုံးချင်းနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံပုံစံဖြစ်ပါက မြေရှင်နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးသော အဆိုပြုပုံစံ (၃)စုံ (A3 Size)

(၆) ကန်ထရိုက်တိုက်ပုံစံဖြစ်ပါကမြေရှင်၊လိုင်စင်ရကန်ထရိုက်တာ(LC)နှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှလက်မှတ်ရေးထိုးထားသော အဆိုပြု ပုံစံ(၃)စုံ(A3 Size)

(၇) ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ဓာတ်ပုံ

(၈) ကန်ထရိုက်တိုက်ပုံစံနှင့်စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံများဖြစ်ပါကမီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ

**(ဃ) အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ (၄ထပ်မှစထပ်) (Proposal)**

(၁) သတ်မှတ်လျှောက်လွှာ

(က) ဆောက်လုပ်ခွင့်လျှောက်လွှာပုံစံ

(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်

(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့်မြေပိုင်ဆိုင်မှုပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်

(ဃ) အိမ်ရှင်/အိမ်ငှားပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်

(င) ဘေးကပ်လျက်မြေကွက်ပိုင်ရှင်များ၏သဘောထားတင်ပြရန်(ဘေး၃'နှင့်အထက် မြေချန်ထားပါက တင်ပြရန်မလိုပါ)

(စ) လမ်းအတွင်း (၄)ထပ်နှင့်အထက် အဆောက်အအုံမရှိပါက အဆိုပြုအဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်ရှိ မြေကွက်ပိုင်ရှင်များ [ဘေးဝဲဘက် (၂)ဦး၊ ယာဘက် (၂)ဦး၊ ရှေ့ဘက် (၃)ဦး၊ နောက်ဘက် (၃)ဦး၊ စုစုပေါင်း(၁ဝ)ဦး]မှကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တင်ပြရန်

(သို့မဟုတ်)

(ဆ) စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်ရှိမြေကွက်ပိုင်ရှင်များ[ဘေးဝဲဘက်(၂)ဦး၊ ယာဘက်(၂)ဦး၊ ရှေ့ဘက်(၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း(၁ဝ)ဦး]မှကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တင်ပြရန်

(ဇ) အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ

(ဈ) အဆောက်အအုံဟောင်းဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်

(ည) မြေရှင်၏ GP/SP မှတင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်

(ဋ) အဆောက်အအုံ ခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ၏ တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင်ပူးတွဲတင်ပြရန်)

(ဌ) အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြေရှင်၊လိုင်စင်ရကန်ထရိုက်တာ (LC)နှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ သတ်မှတ်ထားသည့်စည်းကမ်းချက်များအားလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင်ပူးတွဲတင်ပြရန်)

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြား မိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ(၁)နှစ်အတွင်းထုတ်ပေးထားသောနယ်နိမိတ်တိုင်းတာ သတ်မှတ်သည့်မြေပုံ (D/Map)မိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၅) ဘေးဂဲ/ယာကပ်လျက်တွင် (၄)ထပ်နှင့်အထက် အဆောက်အအုံများရှိပါ လိုင်စင်ရ တိုင်းတာရေးအင်ဂျင်နီယာ၏ အဆောက်အအုံတိုင်းတာချက်(Theodolite Reading)

(၆) မြေရှင်နှင့် မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးသော အဆိုပြုဗိသုကာပုံစံ(၁)စုံ (A3 Size)

(၇) ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံ များ၏ဓာတ်ပုံ

**(င) အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ (၄ထပ်မှ ၈ထပ်) (ပုံစံကြီး)**

(၁) လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ

(၂) မြေခံနိုင်အားစမ်းသပ်မှု (Soil Test) (၁)စုံနှင့် Soft Copy CD

(၃) မှတ်ပုံတင် လက်မှတ်ရ အင်ဂျင်နီယာမှ တွက်ချက်တင်ပြထားသည့် အဆောက်အအုံ ခိုင်ခံ့မှုဆိုင်ရာတွက်ချက်မှုပုံစံ(၁)စုံနှင့် Soft Copy CD

(၄) မြေရှင်၊လိုင်စင်ရကန်ထရိုက်တာ(LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာ တို့မှလက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ(A3 Size)

(၅) မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ

(၆) အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ မိလ္လာကန် တည်ဆောက်ရန် ခွင့်ပြုမိန့် (သို့) သဘောထားမှတ်ချက်

**(စ) အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ (၉ထပ်နှင့် အထက်) ("မူ" ခွင့်ပြုချက်အတွက်စိစစ်ခြင်း)**

(၁) သတ်မှတ်လျှောက်လွှာ

(က) ဆောက်လုပ်ခွင့်လျှောက်လွှာပုံစံ

(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်

(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့်မြေပိုင်ဆိုင်မှုပြဿနာပေါ်ပေါက် ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြား ချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်

(ဃ) အိမ်ရှင်/အိမ်ငှားပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်

(င) ဘေးပတ်ဝန်းကျင်ရှိ ထိစပ်မြေကွက်များအပါအဝင် အနည်းဆုံးမြေကွက်(၁၀) ကွက်၏ပိုင်ရှင်များ [ဘေးဝဲဘက် (၂)ဦး၊ ယာဘက် (၂)ဦး၊ ရှေ့ဘက် (၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း(၁၀)ဦး]မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက် တင်ပြရန်

(စ) အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ

(ဆ) အဆောက်အအုံဟောင်းဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်

(ဇ) မြေရှင်၏ GP / SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်

(ဈ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ၏ တာဝန်ယူကြောင်းခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင်ပူးတွဲတင်ပြရန်)

(ည) အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍မြေရှင်၊လိုင်စင်ရကန်ထရိုက်တာ (LC)နှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ သတ်မှတ်ထားသည့်စည်းကမ်းချက်များအားလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင်ပူးတွဲတင်ပြရန်)

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ(၁)နှစ်အတွင်းထုတ်ပေးထားသောနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (D/Map)မိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၅) ဘေးဝဲ/ယာကပ်လျက်တွင် (၄)ထပ်နှင့်အထက် အဆောက်အအုံများရှိပါ လိုင်စင်ရတိုင်းတာရေးအင်ဂျင်နီယာ၏ အဆောက်အအုံတိုင်းတာချက်(Theodolite Reading)

(၆) မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့် ဗိသုကာတို့မှ လက်မှတ်ရေးထိုးသော အဆိုပြုဗိသုကာပုံစံ(၁)စုံ (A3 Size)

(၇) ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ဓာတ်ပုံ

**(ဆ) အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ (၉ထပ်နှင့် အထက်) (ပုံစံကြီး)**

(၁) လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ

(၂) မြေခံနိုင်အားစမ်းသပ်မှု (Soil Test) မူရင်း (၂)စုံနှင့် Soft Copy CD

(၃) မှတ်ပုံတင် လက်မှတ်ရ အင်ဂျင်နီယာများမှ တွက်ချက်တင်ပြထားသည့် Structural Calculation (၂)စုံ၊ M & E Calculation (၂)စုံနှင့် Soft Copy CD

(၄) မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်ဗိသုကာတို့မှတွက်ချက်ရေးဆွဲထားသည့် Architectural Drawing (၄)စုံ၊ Structural Drawing (၄)စုံ၊ M & E Drawing (၄)စုံ၊ Pile Foundation ဖြစ်ပါက Pile Load Test (Method of Statement) (၄)စုံ

(၅) မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ

**(ဇ) ဟိုတယ် အဆောက်အအုံများ ဆောက်လုပ်ခြင်း**

ဟိုတယ် အဆောက်အအုံများ ဆောက်လုပ်ခွင့် တင်ပြပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏သဘောထားမှတ်ချက် ပါရှိရမည်။

**(ဈ) ကားပါကင်အဆောက်အအုံများဆောက်လုပ်ခြင်း**

ကားပါကင်အဆောက်အအုံများ ဆောက်လုပ်ခွင့် တင်ပြပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ပါရှိရမည်။

**(ည) သာသနာရေးဆိုင်ရာအဆောက်အဦများဆောက်လုပ်ခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခွင့်တင်ပြလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၏ ထောက်ခံချက်တို့ ပါရှိရမည်။

**(ဋ) စက်မှုဇုန်များတွင် ဆောက်လုပ်ခွင့်တင်ပြလျှောက်ထားခြင်း**

စက်မှုဇုန်များတွင်ဆောက်လုပ်ခွင့်တင်ပြလျှောက်ထားလိုပါကသက်ဆိုင်ရာဇုန်ကော်မတီ၏အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်ဖြင့် တင်ပြရမည်။

**(ဌ) အဆောက်အအုံဖျက်မိန့်တင်ပြရာတွင် လိုအပ်သောစာရွက်စာတမ်းများ**

(၁) သတ်မှတ်လျှောက်လွှာ

(က) အဆောက်အအုံဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ

(ခ) အဆောက်အအုံဖျက်သိမ်းခြင်းအတွက်တာဝန်ယူကြောင်းမြေရှင်မှခံဝန်တင်ပြရန်

(ဂ) အဆောက်အအုံ ဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်

(ဃ) အိမ်ရှင်/အိမ်ငှားပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၅) ဖျက်သိမ်းမည့် အဆောက်အအုံ၏ ဓာတ်ပုံနှင့် ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ ဓာတ်ပုံ

## (၃) အဆောက်အအုံအကြီးစားပြင်ဆင်ရာတွင်လိုအပ်သောစာရွက်စာတမ်းများ

(၁) သတ်မှတ်လျှောက်လွှာ

(က) အဆောက်အအုံအကြီးစားပြင်ဆင်ခွင့် လျှောက်လွှာပုံစံ

(ခ) အဆောက်အအုံအကြီးစားပြင်ဆင်ခွင့်အားကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တင်ပြရန်

(ဂ) နေထိုင်အသုံးပြုသူမှ အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်း ကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ၊ အိမ်ငှား/အခန်းငှားဖြစ်ပါက ငှားရမ်းစာချုပ်မိတ္တူ

(၅) မြေရှင်၏ အိမ်ထောင်စုစာရင်းမိတ္တူ

(၆) မြေရှင်နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှလက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ (၃)စုံ (A3 Size) (ပြင်ဆင်မည့်အစိတ်အပိုင်းများအား အနီရောင် ခြယ်ပေးရမည်)

(၇) ပြင်ဆင်လိုသည့် အဆောက်အအုံ၏ ဓာတ်ပုံနှင့် ပြင်ဆင်လိုသည့် အစိတ်အပိုင်းများ၏ ဓာတ်ပုံ

(၈) နေထိုင်အသုံးပြုသူဖြစ်ပါက မြေရှင်၏ထောက်ခံချက်

(၉) နေထိုင်အသုံးပြုသူမှ မြေရှင်၏ထောက်ခံချက်မရရှိပါက မြို့နယ်ငှားရမ်းခကြီးကြပ်ရေးဂန်၏ထောက်ခံချက်

(၁၀) နေထိုင်အသုံးပြုသူမှ အခန်းပြင်ဆင်ခွင့် တင်ပြလာပါက အခန်းရှင်/မြေရှင်၊ ဆက်စပ်အခန်းများ၏ထောက်ခံချက်အား ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထပ်ဆင့်ထောက်ခံချက်

**(ဃ) အဆောက်အအုံအသေးစားပြင်ဆင်ရာတွင်လိုအပ်သောစာရွက်စာတမ်းများ**

(၁) သတ်မှတ်လျှောက်လွှာ

(၂) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) ပိုင်ဆိုင်မှုအထောက်အထား (မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) ပြင်ဆင်လိုသည့် အဆောက်အအုံ၏ဓာတ်ပုံနှင့် ပြင်ဆင်လိုသည့်အစိတ်အပိုင်းများ၏ ဓာတ်ပုံ

(၅) နေထိုင်အသုံးပြုသူဖြစ်ပါက မြေရှင်၏ထောက်ခံချက်

(၆) နေထိုင်အသုံးပြုသူမှ မြေရှင်၏ထောက်ခံချက်မရရှိပါက မြို့နယ်ဗဟိုရမ်းရပ်ကွက်ကြပ်ရေးဂန်၏ထောက်ခံချက်

မှတ်ချက်။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ လျှောက်ထားရန် ဖြစ်ပါသည်။

**(င) ဆောက်လုပ်ခွင့်သက်တမ်းတိုးလျှောက်ရန်လိုအပ်သောစာရွက်စာတမ်းများ**

(၁) သတ်မှတ်လျှောက်လွှာ

(က) ဆောက်လုပ်ခွင့် သက်တမ်းတိုး လျှောက်လွှာပုံစံ

(ခ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်

(၂) မြေရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၃) လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ လုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ(မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန်)

(၄) ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်

(၅) ဆောက်လုပ်ခွင့်ပြုပုံစံ(Drawing) မိတ္တူ(၁)စုံ

(၆) ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခငွေသွင်းချလံမိတ္တူ

**(စ) အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်းလက်မှတ် (BCC) လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများ ( ၃ထပ်နှင့်အောက်)**

(၁) သတ်မှတ်လျှောက်လွှာ

(က) အဆောက်အအုံပြီးစီးကြောင်းလက်မှတ်အတွက် လျှောက်လွှာပုံစံ

(ခ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်

(၂) ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်

(၃) ဆောက်လုပ်ခွင့်ပြုပုံစံ(Drawing) မိတ္တူ(၁)စုံ

(၄) ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခငွေသွင်းချလံမိတ္တူ

(၅) အဆောက်အအုံပြီးစီးကြောင်းမှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်စစ်ဆေးရေးအင်ဂျင်နီယာများ၏မှတ်ချက်ပါရှိသောမှတ်တမ်းစာအုပ်(Log Book)

(၆) မြေရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၇) စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံပုံစံဖြစ်ပါက မီးသတ်ဦးစီးဌာန၏ထောက်ခံချက်မူရင်းနှင့် Fire Safety Certificate မိတ္တူ

(၈) အဆောက်အအုံ၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ ဓာတ်ပုံများ

(၉) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန(ရာပြတ်ဌာန)၏ အခွန်စည်းကြပ်ပြီးကြောင်းထောက်ခံချက်

(၁၀) ကန်ထရိုက်တိုက်နှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)၏ အမှိုက်စွန့်ပစ်ရန်လုံလောက်သည့်အမှိုက်ပုံးထား ရှိမည်ဖြစ်ကြောင်းခံဝန်

(၁၁) Lift ပါဝင်သောအဆောက်အအုံဖြစ်ပါက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ဓာတ်လှေကားအသုံးပြုခွင့်လက်မှတ်

(၁၂) (၁၈)ခန်းနှင့်အထက် အဆောက်အအုံဖြစ်ပါက Transformer တပ်ဆင်သုံးစွဲခွင့်ပြုကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၏ထောက်ခံချက်

**(ထ) အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်းလက်မှတ် (BCC) လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများ (၄ထပ်နှင့်အထက်)**

(၁) သတ်မှတ်လျှောက်လွှာ

(က) အဆောက်အအုံပြီးစီးကြောင်းလက်မှတ်အတွက် လျှောက်လွှာပုံစံ

(ခ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်

(ဂ) အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ လျှပ်စစ်ဌာနခွဲ၏ လျှပ်စစ်သွယ်တန်းမှု စစ်ဆေးရန် လျှောက်လွှာပုံစံ

(၂) ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်

(၃) ဆောက်လုပ်ခွင့်ပြုပုံစံ(Drawing) မိတ္တူ(၁)စုံ

(၄) ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခငွေသွင်းချလံမိတ္တူ

(၅) အဆောက်အအုံပြီးစီးကြောင်းမှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်စစ်ဆေးရေးအင်ဂျင်နီယာများ၏မှတ်ချက်ပါရှိသောမှတ်တမ်းစာအုပ် (Log Book) နှင့်လိုင်စင်ရကန်ထရိုက်တာ (LC)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ လက်မှတ်ရေးထိုးထားသောဇယား

(၆) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊GP/SP) (A4 Size တစ်မျက်နှာတည်းတွင်အပေါ်/အောက်ကူးရန်)

(၇) မီးသတ်ဦးစီးဌာန၏ထောက်ခံချက်မူရင်းနှင့် Fire Safety Certificate မိတ္တူ

(၈) အဆောက်အအုံ၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ ဓာတ်ပုံများနှင့်လျှပ်စစ်မီတာ/ရေမီတာ/မိလ္လာကန်ထားရှိမှုဓာတ်ပုံ

(၉) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန(ရာပြတ်ဌာန)၏ အခွန်စည်းကြပ်ပြီးကြောင်းထောက်ခံချက်

(၁၀) ပတ်ဝန်းကျင်စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)၏ အမှိုက်စွန့်ပစ်ရန် လုံလောက်သည့် အမှိုက်ပုံးထားရှိမည်ဖြစ်ကြောင်းခံဝန်

(၁၁) ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့၏ ရေစီးရေလာနှင့် မိလ္လာစနစ်တို့အတွက် သဘောထားမှတ်ချက်

(၁၂) Lift ပါဝင်သောအဆောက်အအုံဖြစ်ပါက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ဓာတ်လှေကားအသုံးပြုခွင့်လက်မှတ်

(၁၃) (၁၈)ခန်းနှင့်အထက် အဆောက်အအုံဖြစ်ပါက Transformer တပ်ဆင်သုံးစွဲခွင့်ပြုကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ထောက်ခံချက်

(၁၄) ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ထောက်ခံချက် (သို့) လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ (LC)တို့၏ခံဝန်ကတိ

(၁၅) ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးကြောင်းထောက်ခံချက်

(၁၆) အဆိုပြုအဆောက်အအုံအတွက် လိုင်စင်ရတိုင်းတာရေးအင်ဂျင်နီယာ၏ Theodolite တိုင်းတာချက်

**(ဒ) ၉ထပ်နှင့်အထက် အဆောက်အအုံများအတွက် AMSL မှ စုစုပေါင်းအမြင့်ပေသတ်မှတ်ချက်**

(၁) ရွှေတိဂုံဘုရား ကန့်သတ်ဇရိယာအတွင်း တည်ဆောက်မည့် စီးပွားရေးဆိုင်ရာ အဆောက်အဦများသည် ရွှေတိဂုံစေတီကြမ်းပြင် (ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ၁၉၀) ထက်မကျော်လွန်ရပါ။


(မှတ်ချက် ။ အများပြည်သူနှင့်သက်ဆိုင်သည့်နယ်မြေမှ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမျှော်ရာတွင် မြင်ကွင်းကန့်သတ်ချက်မရှိစေရပါ။)

(၂) ၄င်းဇရိယာပြင်ပတွင် မည့်သည့်အဆောက်အဦမှ ရွှေတိဂုံစေတီတော်၏ ငှက်ပျောဖူးအောက်ခါးစည်း (ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၄၁၇ပေ)ထက် မကျော်လွန်ရပါ။


**(ဓ) ခြံစည်းရိုးကာရံခွင့် လျှောက်ထားလာလျှင်လိုက်နာရမည့် အချက်များ**

(၁) နယ်နိမိတ်မျဉ်းတစ်လျှောက် အပိတ်ခြံစည်းရိုးတည်ဆောက်ခြင်းဖြစ်လျှင် အမြင့်(၆)ပေထိသာ ဆောက်လုပ်ရမည်။

(၂) လေနှင့်အလင်းရောင်ဝင်နိုင်သော သံပန်းသံကွင်းဆက်(သို့) အလားတူပစ္စည်းများဖြင့် နံရံအပေါ်ပိုင်းကို အမြင့်(၄)ပေအထိလည်းကောင်း၊ အောက်မြေနံရံကို (၆)ပေအထိ နံရံပိတ်ပုံစံဖြင့်လည်းကောင်း၊ စုစုပေါင်းနံရံအမြင့်(၁၀)ပေအထိ လျှောက်ထားနိုင်သည်။




**(န) အဆောက်အဦဆောက်လုပ်ရာတွင် ဓာတ်အားလိုင်း သတ်မှတ်အကွာအဝေးများ**




မှတ်ချက်-လူနေခန်း(၁၈)ခန်းနှင့်အထက်ဆောက်လုပ်ပါကTransformerတပ်ဆင်ရမည်။

**(ပ) အထပ်မြင့်အဆောက်အအုံများတွင် ကားပါကင်ထည့်သွင်းခြင်း**

(၁) မြေကွက်အကျယ် (၅၀ ပေ x ၅၀ပေ) အရွယ်မြေကွက်များတွင် (၄)ထပ်နှင့်အထက် အဆောက်အဦ ဆောက်လုပ်ပါက မြေညီထပ်တွင် မဖြစ်မနေ ကားပါကင် ထည့်သွင်းရမည်။

(၂) DB အဆောက်အဦဖြစ်ပါက ၁၁၅'x၅၀' နှင့်အထက် မြေကွက်များတွင် Car parking ထားရှိရပါမည်။

(၃) ကားတစ်စီးစာကားရပ်နားရန် နေရာ အတွက် (၈ပေ x ၁၆ပေ) လိုအပ်ပါသည်။

(၄) ကား Ramp Slope - 9 degree (1:6.25)

(၅) Mechanical Parking နှင့် Car Lift ပါရှိပါက Specification တင်ပြရန် နှင့် Queuing Space ထားရှိရန်လိုအပ်ပါသည်။


(ဖ) အထပ်မြင့်အဆောက်အဦများအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် အနည်းဆုံးထားရှိမည့် Car Parking Area ပမာဏ(ကားအရေအတွက်)

| စဉ် | အသုံးပြုမည့်ပုံစံ | အနည်းဆုံးထားရှိရန် သတ်မှတ်ထားသည့် Car Parking ပမာဏ | မှတ်ချက် |
|---|---|---|---|
| ၁။ | လူနေအိမ်ခြေနှင့် စပ်ဆိုင်နေသောနေရာများ | ၁ ခန်းလျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| ၂။ | စီးပွားရေးနှင့်ဆိုင်သောနေရာများ (က) ရုံးခန်းများထားရှိမည့် အဆောက်အဦ | 100 $m^2$ (1076 $ft^2$ )လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်မလို။ |
| | (ခ) ဈေးဆိုင်ခန်းများ | 100 $m^2$ (1076 $ft^2$ )လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်မလို။ |
| | (ဂ) စားသောက်ဆိုင်များ | 50 $m^2$ (539 $ft^2$ )လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| | (ဃ) ဟိုတယ်များ | 200 $m^2$ (2153 $ft^2$ ) လျှင် ၁ စီး | ကုန်တင်ကုန်ချနေရာ 8000 $m^2$ (86120 $ft^2$) လျှင် ၁ စီးထပ် ပေါင်းရန်။ ၂၀% ထပ်ပေါင်းပေးရန်။ |
| ၃။ | ရုပ်ရှင်ရုံများ၊ ပြဇာတ်ရုံများ | ထိုင်ခုံ ၁၀ ခုံလျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| ၄။ | ဂိုဒေါင် | ကုန်တင်ကုန်ချနေရာ 800 $m^2$ (8612 $ft^2$ ) လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| ၅။ | စက်ရုံ | 350 $m^2$ (3768 $ft^2$ ) လျှင် ၁ စီး | ကုန်တင်ကုန်ချနေရာ 3000 $m^2$ (32295 $ft^2$ ) လျှင် Lorry ၁ စီး။ ၂၀% ထပ်ပေါင်းပေးရန်။ |
| ၆။ | ရေကူးကန် | 40 $m^2$ (430 $ft^2$ )လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| ၇။ | GYM | 300 $m^2$ (3230 $ft^2$ )လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| ၈။ | အထူးကုဆေးခန်း | 150 $m^2$ (1615 $ft^2$ )လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |
| ၉။ | ဆေးရုံ | ၄ ကုတင် လျှင် ၁ စီး | ၂၀% ထပ်ပေါင်းပေးရန်။ |


## (ဗ) ရွှေတိဂုံစေတီတော်ကန့်သတ်နယ်နိမိတ်သတ်မှတ်ခြင်း

၁၉၉၄ခုနှစ်ဩဂုတ်လ၁၅ရက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လွှမ်းမိုးထိခိုက်နိုင်သည့် အဆောက်အအုံများ ထိန်းချုပ်ရန် ရည်ရွယ်၍ အောက်ဖော်ပြပါနယ်နိမိတ်သတ်မှတ်သောလမ်းများ၏ ဂဲ/ယာဥ်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ၆ထပ်(အမြင့်-၆၂'-၇၈') ထက်မပိုစေရန်နှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခွင့် တင်ပြလာပါက သီးခြားကိစ္စရပ်အနေဖြင့် စီစစ်ဆောင်ရွက်ပါသည်။

| | | |
|---|---|---|
| (၁) | အရှေ့ဘက်တွင် | အလံပြဘုရားလမ်း၊ ဗိုလ်မင်းခေါင်လမ်း အတွင်းဘက်ပိုင်း၊ အထက်ပန်းဆိုးတန်းလမ်း အတွင်းဘက်ပိုင်း၊ ကန်ရိပ်သာလမ်း၊ စက်ရုံလမ်း၊ နတ်မောက်လမ်း၊ ကမ္ဘာအေးဘုရားလမ်း |
| (၂) | မြောက်ဘက်တွင် | ဓမ္မစေတီလမ်း၊ ရှင်စောပုလမ်း |
| (၃) | အနောက်ဘက်တွင် | ဗဟိုလမ်း |
| (၄) | တောင်ဘက်တွင် | မင်းရဲကျော်စွာလမ်း၊ မြို့ပတ်ရထားလမ်း၊ ရွှေတိဂုံဘုရားလမ်းဆုံမှယောမင်းကြီးဦးဘိုးလှိုင်လမ်း |



(ဘ) ရွှေဘုန်းပွင့်စေတီတော်ကန့်သတ်နယ်နိမိတ်သတ်မှတ်ခြင်း






ပုဇွန်တောင်မြို့နယ်ရှိသမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်နယ်မြေပတ်ဝန်းကျင်တွင် (၃)ထပ်ထက်ပို၍ဆောက်လုပ်ခြင်းမပြုရန် ကန့်သတ်ထားပါသည်။

(မ) မိုးကောင်းစေတီတော်၏အနီးပတ်ဝန်းကျင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း




မိုးကောင်း စေတီတော် အနီးတွင် အောက်ဖော်ပြပါ နယ်နိမိတ်တွင် အဆောက်အဦ ဆောက်လုပ် ခွင့်တင်ပြလာပါက အမြင့်(၄၀)ပေနှင့် ၃ထပ်ထက်မပိုသော အဆောက်အဦ ကိုသာ ဆောက်လုပ် ခွင့်ပြု ပါသည် -


(၁) အရှေ့လားသော်- မိုးကောင်းလမ်းသွယ်(သစ္စာလမ်းကြီးနှင့်မိုးကောင်းလမ်းမကြီးကြား)

(၂) အနောက်လားသော် - မိုးကောင်းဘုရားလမ်း(သစ္စာလမ်းကြီးနှင့်မဟာဗောဓိလမ်းကြား)

(၃) တောင်လားသော် - မဟာဗောဓိလမ်း (မိုးကောင်းဘုရားလမ်းနှင့်ဇမ္ဗူရစ်လမ်းကြား)


(၄) မြောက်လားသော်-သစ္စာလမ်းမကြီး (မိုးကောင်းဘုရားလမ်းနှင့်မိုးကောင်းလမ်းသွယ်ကြား)

## (ယ) ရှင်စောပုလမ်းမျက်နှာစာရှိအဆောက်အအုံများ




နိုင်ငံတော်အထင်ကရအဆောက်အအုံဖြစ်သော ပြည်သူ့လွှတ်တော်ပတ်ဝန်းကျင်ဖြစ်သည့် စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းမြောက်ဘက်တစ်လျှောက် (ပြည်လမ်းမီးပွိုင့်မှဗဟိုလမ်းမီးပွိုင့်ကြား) တွင် အထပ်မြင့်အဆောက်အအုံဆောက်လုပ်မည်ဆိုပါက မြေညီထပ်အမြင့် (၁၄)ပေ ကျန်အထပ်များ (၁၀)ပေစီဖြင့် (၅)ထပ်သာဆောက်လုပ်ရမည်။

## (ရ) ကမာရွတ်၊ ခိုင်ရွှေဝါလမ်းအတွင်းရှိအဆောက်အအုံများ



(၁) အဆောက်အအုံ၏ ရှေ့ဘက်တွင်မြေညီထပ်မှ (၅)ပေချန်ပြီး၊ ကျန်အထပ်များ (၄)ပေ ပြန်ထွက်ကာ ဆောက်လုပ်နိုင်သည်။

(၂) အနောက်ဘက်တွင် B.D.S ရှိသော်လည်း ရေစီးသန်သောကြောင့် အနောက်ဘက် မြေညီထပ်တွင် Septic Tank ပြုလုပ်ရန် နှင့်ရေရှည်ခိုင်ခံ့နိုင်ရန် Retaining Wallပါ တစ်ပါတည်း ဆောက်လုပ်ရန်(၆)ပေချန်ရမည်။

(၃) မြေညီအမြင့်(၁၂)ပေ၊ ကျန်အထပ်အမြင့် (၉)ပေနှင့် ၆ထပ်ကို Pitch Roof ဖြင့်သာ ဆောက်လုပ်ခွင့်ပြုသည်။

**(လ) ရွှေတောင်ကြားရပ်ကွက်အတွင်းရှိအဆောက်အအုံများ**

ဗဟန်းမြို့နယ် ၊ ကမာရွတ်မြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက် နှင့် ရွှေတောင်ကြား(၂) ရပ်ကွက်အတွင်းတွင် အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြလာပါက (၄)ထပ်အမြင့်(၅၂)ပေ ထိသာ ဆောက်လုပ်သည်။

**(ဝ) အင်းစိန်အကျဉ်းထောင်ပတ်ဝန်းကျင်ရှိအဆောက်အအုံများ**

အောက်ဖော်ပြပါ အင်းစိန်ဗဟိုအကျဉ်းထောင် နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြလာပါက အကျဉ်းဦးစီးဌာန၏ ထောက်ခံချက်များပါရှိမှသာဆောက်လုပ် ခွင့်ပြုရန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ(၉-၉-၂၀၁၃)ရက်နေ့တွင်အကြောင်းကြားထားပါသည်-

(၁) မြောက်ဘက်နယ်နိမိတ် - (၁၂၆၀)ကိုက် သံမဏိစက်ရုံလမ်း

(၂) အရှေ့ဘက်နယ်နိမိတ် - (၁၈၇၅)ကိုက် မှုခင်းရဲတပ်ဖွဲ့

(၃) တောင်ဘက်နယ်နိမိတ် - (၁၂၁၀)ကိုက် လှိုင်မြစ်လမ်း

(၄) အနောက်ဘက်နယ်နိမိတ် - (၁၉၀၀)ကိုက် ဘုရင့်နောင်လမ်း


**(သ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မှော်ဘီလေယာဉ်ကွင်း ပတ်ဝန်းကျင်အနီးတွင် လေကြောင်းဆိုင်ရာကန့်သတ်ချက်များ ကင်းလွတ်ရန်အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(DCA)၏ သတ်မှတ်ချက်များ**

အောက်ဖော်ပြပါ သတ်မှတ်ချက်မှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားပါသည်။ အဆိုပါဧရိယာအတွင်း ဆောက်လုပ်မည့် အဆောက်အအုံ များအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(DCA)၏ ထောက်ခံချက်ရယူ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) လေကြောင်းဆိုင်ရာကန့်သတ်ချက်အထူးနှန်



CLEARANCE SURFACE




## ၂။ အဆောက်အအုံဆောက်လုပ်ရာတွင်လက်ရှိဆောင်ရွက်နေသောစည်းမျဉ်းစည်းကမ်းများ

(က) အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရာတွင် ထားရှိရမည့်မြေချန်များ

(၁) (၃)ထပ်နှင့်အောက် အဆောက်အအုံ ဆောက်လုပ်ပါက -

(ကက) ၄၀'x၆၀' အရွယ် မြေကွက်တွင် မိမိပိုင်နယ်နိမိတ်မှ

- ရှေ့ဘက် ၁၂' - ၀" ချန်ရမည်။
- နောက်ဘက်တွင် -
  - BDS မရှိပါက ၆'- ၀" (အဆောက်အအုံ နံရံမှ) ချန်ရမည်။
  - BDS ရှိပါက ၁' - ၀" (အဆောက်အအုံ နံရံမှ) ချန်ရမည်။
  - ဘေးနှစ်ဘက်တွင် အမိုးစွန်းမှ ၃' - ၀" ချန်ရမည်။

(ခခ) မျက်နှာစာအကျယ် ၂၅' နှင့် ၃၉' ကြားမြေကွက်များတွင်ဘေးနှစ်ဘက်တွင် အမိုးစွန်းမှ၁' - ၆" စီချန်ရမည်။

(ဂဂ) မျက်နှာစာအကျယ်၂၅'နှင့်အောက်မြေကွက်များတွင်ဘေးနှစ်ဘက်တွင် အမိုးစွန်းမှ၁' - ၀" စီ ချန်ရမည်။

(၂) **၄ထပ်နှင့်အထက် အဆောက်အအုံ ဆောက်လုပ်လိုပါက**

(ကက) Downtown မြို့နယ်များ (လမ်းမတော်၊လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ပုဇွန်တောင်)

- ရှေ့ဘက်နှင့်ဘေးနှစ်ဘက်တွင် မြေပြည့်ဆောင်ရွက်နိုင်ပါသည်။
- မြေပြည့်ဆောက်လုပ်ပါက နံရံအပိတ်ဆောင်ရွက်ရမည်။
- မိလ္လာကန်ထားရှိရန် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ မိလ္လာကန်ပါမစ်အတိုင်း ဆောင်ရွက်ရမည်။

(ခခ) ကျန်မြို့နယ်များတွင်

- ၄၀' x ၆၀' အရွယ်မြေကွက်များတွင် မိမိပိုင်နယ်နိမိတ်မှ -
  - ရှေ့ဘက် ၅' Clear မြေချန်ရမည်။
  - ဘေးနှစ်ဘက် အမိုးစွန်းမှ အနည်းဆုံး ၃' စီမြေချန်ရမည်။
  - နောက်ဘက်တွင် -
    - BDS ရှိက ၁' ချန်ရမည်။
    - BDS မရှိက ၆' ချန်ရမည်။

(ဂဂ) ရှေ့နောက်အရှည် (၅၀)ပေအရွယ်မြေကွက်များတွင် မိမိပိုင်နယ်နိမိတ်မှ-

- ရှေ့ဘက်တွင် မြေညီထပ်မှ ၅' မြေချန်ရမည်။
- ကျန်အထပ်များ Cantilever ၄' ပြန်ထုတ်ပြီး ၁' ချန်ရမည်။

(ဃဃ) မျက်နှာစာအကျယ် ၂၅' နှင့် ၃၉' ကြားမြေကွက်များတွင်ဘေးနှစ်ဘက်၌ အမိုးစွန်းမှ၁'-၆"စီချန်ရမည်။(ပြတင်း၊တံခါးဆောင်ရွက်လိုပါက SW/LW များသာ ဆောင်ရွက်ရမည်။)

(ငင) မျက်နှာစာအကျယ်၂၅'နှင့်အောက်မြေကွက်များတွင်ဘေးနှစ်ဘက်၌ အမိုးစွန်းမှ ၁'-၀" စီချန်ရမည်။ (ဘေးနှစ်ဘက်၌ ၁'-၀"စီချန်ပါက SW/LW များ ထည့်သွင်းဆောက်လုပ်နိုင်သည်။)

(၃) **အဓိကလမ်းမကြီးများတွင်ဆောက်လုပ်ခြင်း**

**ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးဝိစာရလမ်း** တို့တွင် မည်သည့် အဆောက်အအုံမဆိုဆောက်လုပ်ပါက ပင်မအဆောက်အအုံ၏ ရှေ့ဘက်တွင် မိမိပိုင်နယ်နိမိတ်မှ ပေ ၂၀ ချန်၍ အဆောက်အအုံနယ်နိမိတ်ကို ရေးဆွဲ တင်ပြရပါမည်။

(၄) ၉ထပ်နှင့်အထက်အဆောက်အအုံများအတွက် မြေချန်သတ်မှတ်ချက်

(ကက) ရှေ့ဘက်တွင် မိမိပိုင်နယ်နိမိတ်မှ အနည်းဆုံး(၁၂)ပေချန်ရမည်။
(ခခ) ဘေးဝဲ/ယာ၊နောက်ဘက်တွင်မိမိပိုင်နယ်နိမိတ်မှအနည်းဆုံး(၆)ပေချန်ရမည်။
(မှတ်ချက်။ Fire Fighting နှင့် Egress အတွက်လုံလောက်သောမြေချန်ထားရှိရန်)

(ခ) Building Coverage Ratio (BCR) & Floor Area Ratio (FAR)
Building Coverage Ratio (BCR) ≤ 0.6 ဖြင့်ဆောင်ရွက်ရန်။
(BCR နှင့် FAR တို့အား သတ်မှတ်ပြဌာန်းမည့် Zoning Plan အရ ဆောင်ရွက်သွားပါမည်။)

(ဂ) အဆောက်အအုံများဆောက်လုပ်ရာတွင် အနည်းဆုံးထားရှိရမည့် အထပ်အမြင့်များ

(၁) လူနေခန်း
(ကက) မြေညီထပ် ၁၀'
(ခခ) ကျန်အထပ်များ ၉ '
(၂) ဆိုင်ခန်း၊ ရုံးခန်း ၁၀ '
(၃) ဟိုတယ်၊ စားသောက်ဆိုင် ၁၂ '
(၄) ဆေးရုံ၊ ကျောင်းခန်းမ ၁၂ '
(၅) လူထုအပန်းဖြေစခန်း ၁၂ '
(၆) စက်မှုအလုပ်ရုံ၊ စက်ရုံ ၁၂ '
(၇) ကားရပ်နားထပ် ၈'-၆"
(၈) အထက်ပါ သတ်မှတ်ချက်အမြင့်များအား ပြောင်းလဲလိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြချက်ဖြင့် သီးခြားခွင့်ပြုရယူဆောင်ရွက်ရမည်။

(ဃ) အဆောက်အအုံ အမြင့်ပေ ကန့်သတ်ချက်

(၁) Road Building Ratio - အဆောက်အဦအမြင့်အား လမ်းအကျယ်၏ နှစ်ဆထက် မပိုစေရ။
(၂) Slenderness Ratio -
(ကက) Shallow Foundation အတွက်ဆိုလျှင် အဆောက်အဦ၏ အမြင့်အား အဆောက်အဦ၏အတိုဆုံးအနား၏ ၃ဆထက်မပိုစေရ။
(ခခ) Deep Foundation အတွက်ဆိုလျှင် အဆောက်အဦ၏ အမြင့်အား အဆောက်အဦ၏အတိုဆုံးအနား၏ ၄ဆထက်မပိုစေရ။
(၃) အဆောက်အအုံအမြင့် (၆၂)ပေထက်ကျော်လွန်ပါက ဓာတ်လှေကားတပ်ဆင်ရမည်။

၃။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ လုပ်ငန်းဆောင်ရွက်မည့်မှတ်ပုံတင် လက်မှတ်ရ အင်ဂျင်နီယာ၏ လုပ်ငန်းတာဝန်နှင့်စည်းကမ်းများ**

(က) ခွင့်ပြုချက် ရရှိပြီးသော အဆောက်အအုံများကို အစမှအဆုံးတိုင် အမြဲမပြတ်တာဝန်ယူ ကြီးကြပ်ခြင်း၊

(ခ) အဆောက်အအုံ လုပ်ငန်းခွင်တွင် ခွင့်ပြုမိန့်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများ၊ အဆောက်အအုံဆောက်လုပ်မှု လုပ်ငန်းခွင်စစ်ဆေးချက်မှတ်တမ်းစာအုပ်များ၊ အကိုးအကား ပြုသည့် အင်ဂျင်နီယာဆိုင်ရာစာအုပ်စာတမ်းများကို စစ်ဆေးခံရန် အသင့်ထားရှိခြင်း၊

(ဂ) အဆောက်အအုံလုပ်ငန်းစတင်သည့်အချိန်မှ ပြီးဆုံးသည့်တိုင် လုပ်ငန်းထူးခြားဖြစ်စဉ်များ၏ အစီရင်ခံစာကို သက်ဆိုင်ရာဌာနသို့ စာဖြင့် အချိန်မီတင်ပြခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတိုင်းသည် ၎င်းတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်း တိုင်း၏ စတင်ဆောင်ရွက်သည့်နေ့ရက်ကို ဖော်ပြလျက်သက်ဆိုင်ရာဌာနမှ သတ်မှတ်ထား သည့်ပုံစံဖြင့် အချိန်မီတင်ပြခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတစ်ဦးသည် အဆောက်အအုံဆောက်လုပ်သည့် လုပ်ငန်း ကိုလက်ခံပြီးနောက် ဆောက်လုပ်လိုခြင်းမရှိလျှင်ဖြစ်စေ၊ ဆောက်လုပ်သော်လည်း အဆောက် အအုံဆောက်လုပ်ခြင်းမပြီးစီးမီ မိမိအားငှားရမ်းခဲ့သူက ဆက်လက်ငှားရမ်းခြင်းမပြုလျှင် ဖြစ်စေ ထိုသို့ဆက်လက်ဆောက်လုပ်ခြင်းမပြုနိုင်သည့်နေ့ရက်ကိုဖော်ပြ၍သက်ဆိုင်ရာဌာနသို့ အချိန်မီ သတင်းပို့ခြင်း၊

(စ) အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တွင် ပါရှိသည့်ပုံစံအတိုင်း ဆောက်လုပ်ရမည်ဖြစ်ပြီး၊ ခွင့်ပြုပုံစံနှင့်ကိုက်ညီခြင်းမရှိပါက သက်ဆိုင်ရာဌာနသို့ အချိန်မီသတင်းပို့ခြင်း၊

(ဆ) ခွင့်ပြုပုံစံအား ပြင်ဆင်ပြောင်းလဲဆောက်လုပ်လိုပါက မိမိ၏ သဘောဖြင့် ပြင်ဆင်ပြောင်းလဲ မပြုဘဲ လုပ်ငန်းအား ရပ်ဆိုင်းထားပြီး ထပ်မံပြင်ဆင်တင်ပြသည့်ပုံစံ(Revised Plan) ခွင့်ပြုမိန့် ရရှိပြီးမှ ဆက်လက်ဆောက်လုပ်ခြင်း၊

(ဇ) အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားရာတွင် ကော်မတီကသတ်မှတ်ထားသည့် အတိုင်း စနစ်တကျပြည့်စုံမှန်ကန်စွာ တာဝန်ခံဆောင်ရွက်ခြင်း၊

(ဈ) မြေလွတ်မကျန် နယ်နိမိတ်ကုန်ဆောက်လုပ်မည့် အဆောက်အအုံဆောက်လုပ်ခြင်းအတွက် ခွင့်ပြုပုံစံပါအတိုင်း အုတ်မြစ်ချရာတွင် ကပ်လျက်ရှိသည့် အဆောက်အအုံတစ်ခုခု၏ အစိတ် အပိုင်း သို့မဟုတ် အစိတ်အပိုင်းတစ်ခုလုံးကို အန္တရာယ်မဖြစ်စေရန်အတွက် လည်းကောင်း၊ ခိုင်ခံ့မှုကို မထိခိုက်စေရန်အတွက်လည်းကောင်း၊ ပျက်စီးမှုတစ်စုံတစ်ရာ မပေါ်ပေါက်စေရန် အတွက်လည်းကောင်း၊ ပြည့်စုံလုံလောက်သည့်အစီအမံများဖြင့် ဆောင်ရွက်ခြင်း၊

(ည) မည်သည့်အဆောက်အအုံကိုမဆို ဆောက်လုပ်ရန် အုတ်မြစ်ချခြင်း သို့မဟုတ် မြေကြီးတူးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဆောက်အအုံလုပ်ငန်းဆိုင်ရာစစ်ဆေးမှုများကို တိကျ ပြည့်စုံစွာဆောင်ရွက်ပြီး၊ လုပ်ငန်းစစ်ဆေးမှုအစီရင်ခံစာအား အချိန်မီမပျက်မကွက်တင်ပြခြင်း၊

(ဋ) အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ဖြိုဖျက်ရာတွင် ဖျက်သိမ်း ခွင့်ရရှိပြီးမှ ဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူနှင့် လုပ်ငန်းခွင်ရှိ အလုပ် သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်မှုများကို သတ်မှတ်ထား သည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) ဆောက်လုပ်ဆဲအဆောက်အအုံများအတွက် ဘေးအန္တရာယ်ကာကွယ်မှုအစီအမံများကို ဌာန က ထုတ်ပြန်ကြေငြာထားသည့်အတိုင်း ပြည့်စုံစွာ ကြိုတင်ဆောင်ရွက်ထားရန် ကြီးကြပ်ခြင်း၊

(ည) အကြောင်းတစ်စုံတစ်ရာကြောင့် အခြားမှတ်ပုံတင်လက်မှတ်ရသူတစ်ဦးနှင့် တာဝန် လွှဲပြောင်း လိုပါက သတ်မှတ်ထားသည့်ပုံစံအတိုင်းတာဝန်လွှဲပြောင်းခွင့်ရရှိပြီးမှသာ လွှဲပြောင်းဆောင်ရွက်စေခြင်း၊

(ဋ) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတစ်ဦးသည် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ထားသည့် အဆောက်အအုံအရေအတွက်ကိုသာ ကြီးကြပ်ဆောက်လုပ်ခြင်း၊

(ဌ) မိမိကြီးကြပ်သောအဆောက်အအုံ၏ ခိုင်ခံ့မှုများ၊ စံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍ လုံး၀ တာဝန်ယူရမည့်အပြင် အဆောက်အအုံဆောက်လုပ်မှုလုပ်ငန်းခွင်စစ်ဆေးချက်မှတ်တမ်းစာအုပ် (Log Book)တွင်လည်း လုပ်ငန်းစဉ်အလိုက် မပျက်မကွက်ပြည့်စုံစွာ ရေးသားထားရှိခြင်း၊

(ဍ) အဆောက်အအုံ ဖျက်သိမ်းခြင်း၊ အုတ်မြစ်ချလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို အချိန်ပြည့် ကြီးကြပ်ခြင်း၊

(ဎ) အဆောက်အအုံအား ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီသည့် ပစ္စည်းများကို အသုံးပြုရန် ကြီးကြပ်ခြင်း၊

(ဏ) အဆောက်အအုံကို ပြီးစီးသည်အထိ ကြီးကြပ်ဆောက်လုပ်ခြင်း၊

(တ) အဆောက်အအုံပြီးစီးကြောင်းလက်မှတ်(BCC)လျှောက်ထားရယူခြင်း၊

(ထ) ခွင့်ပြုချက်မရဘဲ ဖြိုဖျက်ခြင်းနှင့် ဆောက်လုပ်ခြင်းမပြုရန် ကြီးကြပ်ခြင်း၊

(ဒ) လုပ်ငန်းခွင် ထိခိုက်မှုအန္တရာယ်ဖြစ်ပေါ်ခြင်းမရှိအောင် ကြီးကြပ်ခြင်း၊

(ဓ) မိမိကြီးကြပ်သည့်အဆောက်အအုံဆောက်လုပ်မှုနှင့်ပတ်သက်၍ တာဝန်ခံဆောင်ရွက်ခြင်း၊

(န) ကော်မတီက ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

မှတ်ချက် - အထက်ဖော်ပြပါတာဝန်နှင့်စည်းကမ်းတစ်ရပ်ရပ်အား ဖောက်ဖျက်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တည်ဆဲဥပဒေအရလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏တည်ဆဲဥပဒေအရလည်းကောင်း၊ သက်ဆိုင်ရာကောင်စီများ၏ ဥပဒေအရလည်းကောင်း အရေးယူခြင်းခံရမည်ဖြစ်ပါသည်။